# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးဝန်ကြီးဌာန
# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
# အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆)
# ၁၃၇၇ ခု၊ တပေါင်းလဆန်း (၃) ရက်
# ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက်
# ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများလိုက်နာရန်စည်းမျဉ်းစည်းကမ်း

၁။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း (၁၃)၊ ပုဒ်မ ၇၁ (ခ) အရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ လိုက်နာရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လိုင်စင်လျှောက်ထားရာတွင် ပါဝင်သည့်အချက်အလက်များ (သို့မဟုတ်) ပူးတွဲပေးပို့သည့် အချက်အလက်များပြောင်းလဲမှုရှိက ပြောင်းလဲမှုရှိသည့်ရက်မှ (၂) ပတ်အတွင်း ကော်မရှင်သို့ အကြောင်းကြားရမည်။

၃။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ ပုဒ်မ ၄၄ အရ ကုမ္ပဏီရုံးခွဲ တည်ထောင်ခြင်းအတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ အတည်ပြုချက်ရယူလိုသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် အောက်ပါအချက်များဖြင့် ကော်မရှင်သို့ လျှောက်ထားရမည် -

(က) လုပ်ငန်းအမည်
(ခ) ရုံးချုပ်တည်နေရာ
(ဂ) ရုံးခွဲသစ်တွင်လုပ်ငန်းစတင်ဆောင်ရွက်မည့်နေ့ရက်
(ဃ) လက်ရှိရုံးခွဲအရေအတွက်နှင့် မြန်မာနိုင်ငံအတွင်းရှိရုံးခွဲများ၏ အခြားအချက်အလက်များ
(င) လျှောက်ထားသည့်ရုံးခွဲသစ်ဖွင့်လှစ်မည့်လိပ်စာ နှင့်
(စ) ရုံးခွဲအသစ်တည်ထောင်ရခြင်းရည်ရွယ်ချက်

၄။ ရုံးချုပ် (သို့မဟုတ်) ရုံးခွဲပြောင်းရွှေ့ဖွင့်လှစ်လိုသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လက်ရှိလိပ်စာ၊ ပြောင်းရွှေ့မည့်လိပ်စာ၊ ပြောင်းရွှေ့လိုသည့် ရည်ရွယ်ချက်တို့ကိုဖော်ပြ၍ ကော်မရှင်သို့ လျှောက်ထားရမည်ဖြစ်ပြီး၊ နည်းဥပဒေအပိုဒ်ခွဲ ၄၈ (စ) တွင် ဖော်ပြထားသည့်အတိုင်း ကော်မရှင်၏ အတည်ပြုချက် ကြိုတင်ရယူရမည်။

၅။ နည်းဥပဒေအပိုဒ် ၄၈ ရှိ မည်သည့်ပြဋ္ဌာန်းချက်များကိုမဆို ချိုးဖောက်သော (သို့မဟုတ်) လိုက်နာရန်ပျက်ကွက်သော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ၎င်းတို့ချိုးဖောက်သော (သို့မဟုတ်) လိုက်နာရန်ပျက်ကွက်သော အကြောင်းအရာများအသေးစိတ်ဖော်ပြလျက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ ချက်ချင်း တင်ပြရမည်။

၆။ မတည်ငွေရင်းလျှော့ချလိုသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လက်ရှိမတည်ငွေရင်းပမာဏ၊ လျှော့ချပြီးနောက်ကျန်ရှိမည့် မတည်ငွေရင်း၊ မတည်ငွေရင်းလျှော့ချလိုသည့်အကြောင်းပြချက်၊ မတည်ငွေရင်းလျှော့ချခြင်းကြောင့် ၎င်းတို့၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအပေါ် အကျိုးသက်ရောက်မှု တို့ကိုဖော်ပြ၍ ကော်မရှင်သို့ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး၊ နည်းဥပဒေအပိုဒ်ခွဲ ၄၈ (က) အရ ကော်မရှင်၏ အတည်ပြုချက် ကြိုတင်ရယူရမည်။

၇။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ပိုင်ဆိုင်မှုများကို ဥပဒေပုဒ်မ ၃၃ (ဃ) တွင်ဖော်ပြထားသည့်အတိုင်း တရားရုံးအာဏာဖြင့် သိမ်းယူထားခြင်းခံရပါကအသေးစိတ်အချက်အလက်များဖော်ပြလျက် ကော်မရှင်သို့ ချက်ချင်း တင်ပြရမည်။

၈။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ဥပဒေပုဒ်မခွဲ ၂၂ (က) အရ ဘဏ္ဍာနှစ်တစ်နှစ်ကုန်ဆုံးချိန်၌ နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂.၅ % ကို အရေးပေါ်သီးသန့်ရန်ပုံငွေအဖြစ် ဖယ်ထားရမည်။

၉။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် နည်းဥပဒေအပိုဒ် ၄၈ (င) (၁) (ဂဂ) အရ ချေးငွေအာမခံအဖြစ် ရယူ ထားသော အစုရှယ်ယာများကို ဝယ်ယူနိုင်သည် (သို့မဟုတ်) လက်ဝယ်ထားရှိနိုင်သည်။

၁၀။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုက ကြော်ငြာရာတွင် ပါဝင်ရမည့်အချက်များကို ငွေချေးသက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေပုဒ်မ ၄၈ (ဆ) နှင့်အညီ အောက်ပါအတိုင်း သတ်မှတ်လိုက်သည်။

(က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသည် ၎င်း၏လုပ်ငန်းအမည်၊ လုပ်ငန်းလိုင်စင်အမှတ်၊ အခကြေး ငွေ၊ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများအတွက် လျော်ကြေးနှင့်ရင်းနှီးမြှုပ်နှံမှု၏ဆုံးရှုံးနိုင်ခြေများ၊

(ခ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသည် ၎င်း၏ကြော်ငြာချက်တွင် အမြတ်ရရှိနိုင်မှုအလားအလာ နှင့်ပတ်သက်၍ သိသာသည့် အထင်အမြင်လွဲမှားမှုများကိုဖြစ်စေမည့်အချက် (သို့မဟုတ်) သိသာစွာ ဆန့်ကျင်မှုဖြစ်စေသည့် အချက်အလက်ဖော်ပြမှုများကို မပြုလုပ်ရပါ။

၁၁။ နည်းဥပဒေအပိုဒ် ၆၈ (ဃ) ပါပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါကိစ္စရပ်များကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုအတွက် ပေးလျော်ခြင်း (သို့မဟုတ်) အထူးအကျိုးအမြတ်အတွက် လျာထားခြင်းတို့နှင့် အကျုံးမဝင်စေရ။

(က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (သို့မဟုတ်) ဒါရိုက်တာတစ်ဦးဦး၊ အရာထမ်းအမှုထမ်းတစ်ဦးဦး၏ တရားမဝင် (သို့မဟုတ်) မမျှတသောလုပ်ရပ်များကြောင့် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူတစ်ဦး တွင်ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုတစ်ခုလုံး (သို့မဟုတ်) တစ်စိတ်တစ်ဒေသကိုပေးလျော်ရန် (သို့မဟုတ်)

(ခ) ကော်မရှင်၏ကြိုတင်အတည်ပြုချက်ဖြင့် အများပြည်သူ၏အကျိုးစီးပွားအတွက် (သို့မဟုတ်) ရင်းနှီး မြှုပ်နှံသူများအား အကာအကွယ်ပေးရေးအတွက် ခွင့်ပြုခြင်း၊

၁၂။ နည်းဥပဒေပုဒ်မ ၆၈ (ည) အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခု (သို့မဟုတ်) ၎င်း၏အရာထမ်းများ (သို့မဟုတ်) အမှုထမ်းများသည် အောက်ဖော်ပြပါလုပ်ဆောင်ချက်များတွင် ပါဝင်ပတ်သက်ခြင်းမရှိစေရ -

(က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ပဋိညာဉ်အရတာဝန်ရှိသည့် လုပ်ငန်းများအားလုံး (သို့မဟုတ်) တစ်စိတ်တစ်ဒေသအား ဆောင်ရွက်ပေးရန်ငြင်းပယ်ခြင်း (သို့မဟုတ်) ဆောင်ရွက်ပေးရန်ကျိုးကြောင်း ခိုင်လုံမှုမရှိဘဲ နှောင့်နှေးခြင်း၊

(ခ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအား အနှောက်အယှက်ဖြစ်စေနိုင်လောက်အောင်ဆွဲဆောင်ခြင်း။

၁၃။ နည်းဥပဒေအပိုဒ် ၄၈ (င) (၁) (ဂဂ) အရ ငွေချေးသက်သေခံလက်မှတ်များအား အာမခံအဖြစ်ထား၍ ငွေချေး ခြင်းသည် နည်းဥပဒေအပိုဒ် ၆၈ (ဋ) နှင့်သက်ဆိုင်ခြင်းမရှိစေရ။

၁၄။ နည်းဥပဒေအပိုဒ် ၅၂ (က) တွင်ဖော်ပြထားသည့် ရောင်းခြင်းဝယ်ခြင်းအမှာစာ၊ ငွေချေးသက်သေခံလက်မှတ် များရောင်းဝယ်သည့်မှတ်တမ်းများ၊ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ လယ်ဂျာစာရင်းများ၊ ထိန်းသိမ်းထား

သည့် ငွေချေးသက်သေခံလက်မှတ်များ၏မှတ်တမ်းများကို အီလက်ထရောနစ်ပုံစံဖြင့် ပြုလုပ်ထားပါက အဆိုပါ စာရွက်စာတမ်းများကို နောက်ဆက်တွဲတွင် ဖော်ပြထားသည့် အချက်အလက်စာရင်းများနှင့်အတူ ကွန်ပြူတာတွင် ဖော်ပြရမည်။

၁၅။ (က) နည်းဥပဒေအပိုဒ်ခွဲ ၅၆ တွင်ရည်ညွှန်းထားသည့်စာရင်းစစ်အစီရင်ခံစာဆိုသည်မှာ မြန်မာနိုင်ငံစာရင်းစစ်စံနှုန်းနှင့်အညီ အောက်ဖော်ပြပါအကြောင်းအရာများပါဝင်သည့် ရှင်းလင်းတိကျစွာဖော်ပြထားသော အစီရင်ခံစာကို ဆိုလိုသည် -

(၁) စာရင်းစစ်သည့်အကြောင်းအရာ

(၂) စီမံခန့်ခွဲမှုအဖွဲ့၏တာဝန်

(၃) လက်မှတ်ရပြည်သူ့စာရင်းကိုင် (သို့မဟုတ်) စာရင်းစစ်လုပ်ငန်းကိုဆောင်ရွက်သည့် စာရင်းစစ်အဖွဲ့တို့၏ တာဝန်ဝတ္တရား

(၄) ထင်မြင်ယူဆချက်များ

(၅) အခြားအချက်အလက်များ

(၆) ကုမ္ပဏီနှင့်လက်မှတ်ရပြည်သူ့စာရင်းကိုင် (သို့မဟုတ်) စာရင်းစစ်လုပ်ငန်းကိုဆောင်ရွက်သည့် စာရင်းစစ်အဖွဲ့တို့အကြား အကျိုးစီးပွားဆက်စပ်မှုများအား ရှင်းလင်းစွာဖော်ပြထားချက်

(ခ) စာရင်းစစ်အစီရင်ခံစာကို လက်မှတ်ရပြည်သူ့စာရင်းကိုင် (သို့မဟုတ်) စာရင်းစစ်အဖွဲ့၏ကိုယ်စားလှယ်က အစီရင်ခံစာရေးဆွဲပြီးသည့် ရက်စွဲပါအတိုင်း လက်မှတ်ရေးထိုးရမည်။

၁၆။ (က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် နည်းဥပဒေပုဒ်မ ၅၈ တွင်ဖော်ညွှန်းထားသည့် ကော်မရှင်က သီးခြား ထုတ်ပြန်ထားသည့်ပုံစံဖြင့် လုပ်ငန်းအစီရင်ခံစာအား ပြုစုတင်ပြရမည်။

(ခ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လုပ်ငန်းအစီရင်ခံစာကို ကော်မရှင်သို့ တင်ပြသည့်ရက်မှစ၍ ၅ နှစ် အထိ ထိန်းသိမ်းထားရှိရမည်။

၁၇။ နည်းဥပဒေအပိုဒ် ၅၉ တွင် ဖော်ပြထားသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက အများပြည်သူသို့ အသိပေးခြင်း (သို့မဟုတ်) သတင်းအချက်အလက်များထုတ်ပြန်ခြင်း ပြုရမည့်အချိန်ကာလကို ၄ လ သတ်မှတ်သည်။

(ဒေါက်တာမောင်မောင်သိမ်း)

ဥက္ကဋ္ဌ

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

| စာရွက်စာတမ်းအမည် | အချက်အလက် |
|---|---|
| ၁။ အရောင်း/အဝယ်အမှာစာ | လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏အမည်<br>လုပ်ငန်းအမျိုးအစား<br>လုပ်ငန်းအမျိုးအစား (အရောင်း (သို့) အဝယ်)<br>မှာယူသည့် အရေအတွက်<br>မှတ်တမ်းတင်သည့် အရေအတွက်<br>အမှာစာနေ့စွဲ<br>အမှာစာအချိန်<br>အရောင်း/အဝယ်ပြုသည့်နေ့ရက်<br>အရောင်း/အဝယ်ပြုသည့်အချိန်<br>အမှာစာဈေးနှုန်းအမျိုးအစား<br>အမှာစာဈေးနှုန်း<br>တွဲဖက်အဖွဲ့အစည်း |
| ၂။ အရောင်း/ အဝယ်ရက်စွဲမှတ်တမ်း | လုပ်ငန်းနှင့်ဆက်သွယ်သူအမည်<br>အရောင်း/အဝယ်ပြုသည့်နေ့ရက်<br>အရောင်း/အဝယ်အမျိုးအစား<br>လုပ်ငန်းအမည်<br>ဈေးနှုန်း<br>အရေအတွက်<br>ရှယ်ယာပြောင်းလဲသည့်နေ့စွဲ |
| ၃။ လုပ်ငန်းဆက်သွယ်သူ၏လယ်ဂျာ | လုပ်ငန်းနှင့်ဆက်သွယ်သူအမည်<br>လက်ကျန်နေ့စွဲ<br>ညွှန်ကြားသည့် နည်းလမ်း<br>အရေအတွက်<br>ဈေးနှုန်း<br>အရောင်း/အဝယ်ပြုသည့်နေ့ရက်<br>ငွေသားလက်ကျန် |
| ၄။ လုံခြုံမှုသိမ်းဆည်းဌာနတွင်ထားရှိသည့် ငွေချေးသက်သေခံလက်မှတ်များမှတ်တမ်း | လုပ်ငန်းနှင့်ဆက်သွယ်သူအမည်<br>လက်ကျန်နေ့စွဲ<br>ငွေချေးသက်သေခံလက်မှတ်အမည်<br>အရေအတွက်<br>အရောင်း/အဝယ်ပြုသည့်နေ့ရက်<br>စတော့လက်ကျန် |